# ပို့ဆောင်ရေးဝန်ကြီးဌာန
# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
# နေပြည်တော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်
အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၆
ခုနှစ်၊ အောက်တိုဘာလ  (ဒုတိယ)ဆယ်ရက်ပတ်
အတွက် မိုးလေဝသခန့်မှန်းချက်

စိုက်ပျိုးရေး
မိုးလေဝသ
ဌာနခွဲ












၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း
တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရေချိန်များပြပုံ
(မီလီမီတာ)

# ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများပေါ် မူတည်၍ စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသအချက်အလက်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်းဆန်းစစ် ဖော်ပြအပ်ပါသည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ၂-၁၀-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများနှင့် ၆-၁၀-၂၀၂၆ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် မုတ်သုံလေအားနည်းခဲ့ပါသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းခဲ့ပါသည်။

## မိုးရွာသွန်းမှုအခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့ထက် ပိုခဲ့ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့အောက် လျော့နည်းခဲ့ပါသည်။

***မိုးရွာရက်များအနေဖြင့်-*** မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်မြို့)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း (ကလေးဝမြို့၊မော်လိုက်မြို့)၊ တနင်္သာရီတိုင်းဒေသကြီး(ကော့သောင်းမြို့)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း(သီပေါမြို့)တို့တွင် (၄)ရက်မှ (၅)ရက်၊ ရန်ကုန်တိုင်းဒေသကြီး(မင်္ဂလာဒုံမြို့)၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း(သာယာဝတီမြို့)၊ မကွေးတိုင်းဒေသကြီး (ပခုက္ကူမြို့)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း(ကန့်ဘလူမြို့)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်(သထုံမြို့၊ရေးမြို့)၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း(နမ့်စန်မြို့)နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၂)ရက်မှ (၃)ရက်နှင့် နေပြည်တော်နှင့် ကယားပြည်နယ်တို့တွင် (၁)ရက်စီ မိုးထစ်ချုန်းရွာသွန်းခဲ့ပါသည်။

## အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(နေ့အပူချိန်)*** အခြေအနေများမှာ- စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ထက် (၇)ဒီဂရီဖာရင်ဟိုက်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ

ပိုခဲ့ကာ ကချင်ပြည်နယ်တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်အောက် (၁)ဒီဂရီဖာရင်ဟိုက် လျော့နည်းခဲ့ပါသည်။

## အနိမ့်ဆုံးအပူချိန်အခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(ညအပူချိန်)*** အခြေအနေများမှာ– ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့ထက် (၂)ဒီဂရီဖာရင်ဟိုက်မှ (၃)ဒီဂရီဖာရင်ဟိုက်အထိနှင့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၁)ဒီဂရီဖာရင်ဟိုက်စီ ပိုခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့အောက် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(လေထုစိုထိုင်းဆ)*** အခြေအနေများမှာ- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၇၅%)မှ (၈၂%)အတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၈၃%)မှ (၈၉%)အတွင်း အသီးသီးရှိခဲ့ပါသည်။

## ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ- ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၂၁ မီလီမီတာ)မှ (၂၉ မီလီမီတာ)အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၃၀ မီလီမီတာ)မှ (၃၈ မီလီမီတာ)အတွင်း အသီးသီးရှိခဲ့ပါသည်။

*(ဖြစ်နိုင်ခြေစွမ်းပင်ငွေ့ရေငွေ့ပျံနှုန်းအား* HARGREAVES METHOD *ဖြင့် တွက်ချက်ထားပါသည်။)*

## မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(မြေဆီလွှာစိုစွတ်မှု)*** အခြေအနေများမှာ- ရှမ်းပြည်နယ်မြောက်ပိုင်းတွင်(ခြောက်သွေ့)အခြေအနေ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် (စိုစွတ်)ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

## မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်ပါသည်။

## မိုးရွာရက်

မိုးရွာရက်အနေဖြင့်- စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၁ ရက်မှ ၄ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီ၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၅ ရက်မှ ၈ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် အောက်တိုဘာလပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် (သို့မဟုတ်) ၃၅ ဒီဂရီဖာရင်ဟိုက်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

## ညအပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ**

**နောက်ဆက်တွဲ(က)**

## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | မိုးရေချိန် | ပျမ်းမျှကွာဟချက် | မိုးရွာရက် | အမြင့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်) | | အနိမ့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်) | | စိုထိုင်းဆ(%) | | ပင်ငွေ့ ရေငွေ့ပျံနှုန်း(မမ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | (မမ) | (%) | | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၁၀၇ | ၄၀ | ၄ | ၈၉ | -၀.၅ | ၆၉ | -၄.၅ | ၈၂ | -၄ | ၃၀ | ၄ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၁၃၅ | ၅၃ | ၄ | ၇၄ | ၂.၀ | ၅၅ | -၁.၆ | ၈၉ | -၅ | ၂၁ | ၆ |
| ၃။ | ရှမ်းပြည်နယ် (မြောက်) | လားရှိုး | ၂၉ | -၄၅ | ၂ | ၈၉ | ၃.၁ | ၆၇ | -၀.၉ | ၇၉ | -၆ | ၃၃ | ၇ |
| ၄။ | ရှမ်းပြည်နယ် (တောင်) | တောင်ကြီး | ၂၆ | -၅၅ | ၁ | ၇၈ | ၀.၉ | ၆၂ | -၀.၆ | ၇၅ | -၄ | ၂၉ | ၃ |
| ၅။ | ရှမ်းပြည်နယ် (အရှေ့) | ကျိုင်းတုံ | ၁၂ | -၅၇ | ၂ | ၈၉ | ၃.၂ | ၆၆ | ၀.၇ | ၈၄ | -၁ | ၃၂ | ၃ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၂၃ | -၅၂ | ၁ | ၈၆ | ၂.၂ | ၆၅ | -၂.၉ | ၈၅ | ၁ | ၃၁ | ၃ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၁၉ | -၈၀ | ၂ | ၉၅ | ၃.၀ | ၇၅ | ၀.၃ | ၇၉ | -၆ | ၃၈ | ၇ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၄ | -၉၆ | ၁ | ၉၄ | ၃.၈ | ၇၇ | ၂.၃ | ၇၇ | -၄ | ၃၆ | ၅ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၈ | -၉၄ | ၂ | ၈၉ | ၀.၉ | ၇၇ | ၂.၆ | ၈၇ | -၁ | ၂၄ | ၀ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၁၀ | -၈၁ | ၁ | ၉၅ | ၂.၆ | ၇၆ | ၁.၈ | ၇၆ | -၇ | ၃၇ | ၅ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၀ | -၁၀၀ | ၀ | ၉၄ | ၁.၇ | ၇၇ | ၀.၅ | ၇၈ | -၂ | ၃၄ | ၃ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ဟုမ္မလင်း | ၄၁ | -၄၀ | ၃ | ၉၁ | ၁.၆ | ၆၉ | -၄.၂ | ၈၄ | -၅ | ၃၁ | ၆ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | မုံရွာ | ၂၇ | -၅၁ | ၂ | ၉၃ | ၀.၄ | ၇၄ | -၁.၇ | ၈၄ | -၁ | ၃၁ | ၂ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၆ | -၉၀ | ၁ | ၉၆ | ၃.၂ | ၇၆ | ၃.၃ | ၇၆ | -၇ | ၃၈ | ၅ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၁၂ | -၈၄ | ၂ | ၉၄ | ၄.၄ | ၇၇ | ၂.၉ | ၈၅ | ၀ | ၃၂ | ၃ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၂၆ | -၅၈ | ၃ | ၉၄ | ၃.၅ | ၇၄ | ၀.၀ | ၈၃ | -၂ | ၃၄ | ၅ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၂၃ | -၅၉ | ၁ | ၉၅ | ၃.၁ | ၇၆ | ၀.၁ | ၈၅ | ၁ | ၃၃ | ၃ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၄ | -၉၅ | ၁ | ၉၃ | ၃.၅ | ၇၆ | ၃.၃ | ၇၅ | -၉ | ၃၇ | ၆ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၁၆ | -၈၃ | ၃ | ၉၄ | ၄.၁ | ၇၂ | -၂.၅ | ၈၁ | -၆ | ၃၈ | ၁၀ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၁၅ | -၈၉ | ၂ | ၉၆ | ၇.၃ | ၇၅ | ၂.၃ | ၈၅ | -၂ | ၃၆ | ၈ |

**မိုးရေချိန်(-၂၀%)နှင့် (+၂၀%)အကြားရှိပါက ပျမ်းမျှခန့်ဟု သတ်မှတ်ပါသည်။**

**၂၄နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂မီလီမီတာနှင့်အထက်) မိုးရွာရက်(၁)ရက်ဟုသတ်မှတ်ပါသည်။**

**နောက်ဆက်တွဲ(ခ)**

## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မိုးရေချိန် | ဖြစ်နိုင်စွမ်း ပင်ငွေ့ ရေငွေ့ ပျံနှုန်း | အမှန် ပင်ငွေ့ ရေငွေ့ ပျံနှုန်း | မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | (မမ) | (မမ) | (မမ) | စုဆောင်း | ပိုရေ | လိုရေ | |
| ၁။ | ကချင်ပြည်နယ် | ၁၀၇ | ၃၀ | ၃၀ | ၁၀၀ | ၂ | ၀ | ပြည့်ဝ |
| ၂။ | ချင်းပြည်နယ် | ၁၃၅ | ၂၁ | ၂၁ | ၁၀၀ | ၁၁၄ | ၀ | ပြည့်ဝ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | ၂၉ | ၃၃ | ၃၃ | ၁၄ | ၀ | ၀ | ခြောက်သွေ့ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | ၂၆ | ၂၉ | ၂၉ | ၉၇ | ၀ | ၀ | ပြည့်ဝ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ၁၂ | ၃၂ | ၃၂ | ၅၇ | ၀ | ၀ | စိုစွတ် |
| ၆။ | ကယားပြည်နယ် | ၂၃ | ၃၁ | ၃၁ | ၉၂ | ၀ | ၀ | ပြည့်ဝ |
| ၇။ | ကရင်ပြည်နယ် | ၁၉ | ၃၈ | ၃၈ | ၈၁ | ၀ | ၀ | ပြည့်ဝ |
| ၈။ | မွန်ပြည်နယ် | ၄ | ၃၆ | ၃၆ | ၆၈ | ၀ | ၀ | စိုစွတ် |
| ၉။ | ရခိုင်ပြည်နယ် | ၈ | ၂၄ | ၂၄ | ၈၄ | ၀ | ၀ | ပြည့်ဝ |
| ၁၀။ | နေပြည်တော် | ၁၀ | ၃၇ | ၃၇ | ၇၃ | ၀ | ၀ | စိုစွတ် |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၀ | ၃၄ | ၃၄ | ၆၆ | ၀ | ၀ | စိုစွတ် |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ၄၁ | ၃၁ | ၃၁ | ၁၀၀ | ၉ | ၀ | ပြည့်ဝ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | ၂၇ | ၃၁ | ၃၁ | ၉၆ | ၀ | ၀ | ပြည့်ဝ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | ၆ | ၃၈ | ၃၈ | ၆၈ | ၀ | ၀ | စိုစွတ် |
| ၁၅၊ | ပဲခူးတိုင်းဒေသကြီး(တောင်) | ၁၂ | ၃၂ | ၃၂ | ၈၀ | ၀ | ၀ | စိုစွတ် |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၂၆ | ၃၄ | ၃၄ | ၉၂ | ၀ | ၀ | ပြည့်ဝ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၂၃ | ၃၃ | ၃၃ | ၉၀ | ၀ | ၀ | ပြည့်ဝ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ၄ | ၃၇ | ၃၇ | ၆၇ | ၀ | ၀ | စိုစွတ် |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ၁၆ | ၃၈ | ၃၈ | ၇၈ | ၀ | ၀ | စိုစွတ် |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ၁၅ | ၃၆ | ၃၆ | ၇၉ | ၀ | ၀ | စိုစွတ် |

**(ဖြစ်နိုင်စွမ်း ပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)**

**နောက်ဆက်တွဲ(ဂ)**

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ) အချက်အလက်ခန့်မှန်းချက်များ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | အမြင့်ဆုံး အပူချိန် | အနိမ့်ဆုံး အပူချိန် | ပျမ်းမျှ အပူချိန် | စိုထိုင်းဆ | ပင်ငွေ့ ရေငွေ့ ပျံနှုန်း |
|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ပျမ်းမျှ (%) | (မမ/၁၀-ရက်) |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၈၉ | ၇၁ | ၈၀ | ၈၅ | ၂၇ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၇၁ | ၅၅ | ၆၃ | ၉၃ | ၁၆ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၈၅ | ၆၆ | ၇၆ | ၈၅ | ၂၇ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၇၇ | ၆၁ | ၆၉ | ၇၉ | ၂၆ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၈၄ | ၆၅ | ၇၅ | ၈၄ | ၂၈ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၈၄ | ၆၇ | ၇၅ | ၈၃ | ၂၈ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၉၄ | ၇၅ | ၈၄ | ၈၂ | ၃၄ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၉၁ | ၇၅ | ၈၃ | ၇၉ | ၃၄ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၈၉ | ၇၄ | ၈၂ | ၈၇ | ၂၆ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၉၂ | ၇၄ | ၈၃ | ၈၂ | ၃၃ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၉၃ | ၇၆ | ၈၄ | ၇၉ | ၃၃ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်) | ဟုမ္မလင်း | ၈၉ | ၇၁ | ၈၀ | ၈၇ | ၂၇ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး (အောက်) | မုံရွာ | ၉၂ | ၇၅ | ၈၃ | ၈၄ | ၂၉ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၉၂ | ၇၂ | ၈၂ | ၈၃ | ၃၄ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၉၁ | ၇၄ | ၈၂ | ၈၄ | ၃၁ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၉၁ | ၇၄ | ၈၃ | ၈၄ | ၃၁ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၉၃ | ၇၆ | ၈၄ | ၈၃ | ၃၂ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၉၁ | ၇၃ | ၈၂ | ၈၃ | ၃၂ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၉၁ | ၇၅ | ၈၃ | ၈၅ | ၂၉ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၉၀ | ၇၃ | ၈၁ | ၈၄ | ၃၂ |